# ကုလားကိုင်းကျေးရွာ

# ဖာပွန်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုလားကိုင်းကျေးရွာ၊ ဖာပွန်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖာပွန်မြို့နယ်နှင့် ဦးကောင်းမြတ် -

LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကုလားကိုင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဖာပွန်မြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၃၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၃၆ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၃၈ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၄၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဩဂုတ်လ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကုလားကိုင်းကျေးရွာ**

**ဖာပွန်မြို့နယ်**

# ကုလားကိုင်းကျေးရွာ သယံဇာတပြမြေပုံ၊ ဖာပွန်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကုလားကိုင်းကျေးရွာသည် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်၏ မဲသလွတ်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဖာပွန်-ဘားအံ အဝေးပြေးလမ်းမကြီးနှင့် စစ်ဗျူဟာအဖွဲ့ (အခြေချ) တပ်ရင်းမကြီး တည်ရှိနေပါသည်။ အနောက်ဘက်တွင် ယွန်းစလင်းချောင်း စီးဆင်းနေပြီး၊ မြောက်ဘက်တွင် ရှမ်းကိုင်းကျေးရွာ၊ တောင်ဘက်တွင် ဇေနောင်ကျေးရွာနှင့် ဆက်စပ်လျှက်ရှိနေပါသည်။ ကျေးရွာတွင် မူစလင်လူမျိုးများအများစုနေထိုင်ပြီး၊ ကရင်၊ ဗမာစသည့် လူမျိုးမှာ လူနည်းစု ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်သော်လည်း အပူထက် အအေးပိုလျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော ကိုယ်ပိုင်မြေဧရိယာမှာ လယ်မြေ (၈) ဧက၊ ယာ/ တောင်ယာ (၇) ဧကနှင့် ကိုင်းကျွန်း (၃၁.၃၈) ဧက စုစုပေါင်း (၄၆.၃၈) ဧက ရှိပါသည်။ ကိုယ်ပိုင်လယ်ယာမြေများ မရှိသည့်အတွက် ငှါးရမ်းစိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား -၅ ဦး)၊ သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ ကာလသား ကာလသမီးအဖွဲ့ (ကျား - ၁၈ ဦး + မ - ၁၅ ဦး) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ ကြက်ခြေနီအဖွဲ့ (မ - ၂ ဦး) တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါသည်။ အရန်မီးသတ်အဖွဲ့ (ကျား - ၈ ဦး) သည် ကျေးရွာ လုံခြုံရေးနှင့်ကာကွယ်ရေးစသည့် အပိုင်းတို့တွင် ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျေးရွာ၏ အခြားဖွံ့ဖြိုးရေးလိုအပ်ချက်များကိုလည်း ရပ်မိရပ်ဖအဖွဲ့များက ဦးဆောင်ပြီးဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ကုလားကိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် လာရောက်လုပ်ဆောင်ပေးနေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကုလားကိုင်းကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၃) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၄) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကိုသာ အားထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ၁၂.၅ ဧက အထက် တောင်သူကြီး အိမ်ထောင်စုများ မရှိသည့်အပြင် မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း (၆၃) အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်းလုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး အခြား စိုက်ပျိုးရေးရရှိသည့် နည်းပညာများကို အသုံးပြုနိုင်ခြင်းမရှိပေ။ စပါးအထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် တစ်ဧက (၅၀) တင်းသာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများ၏ အကျိုးအမြတ်ရရှိနိုင်မှုမှာ လယ်ယာမြေများ ငှားရမ်းလုပ်ကိုင်ရခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် မြို့ကြီးများနှင့် အလှမ်းဝေးသောကြောင့် ကုန်ဈေးနှုန်းများခြင်းတို့အပြင် ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများကို သုံးစွဲရာတွင် အချိုးကျကျ မသုံးစွဲတတ်သည့် အတွက် အမြတ်ရရှိနိုင်မှု နည်းပါးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးရွက်လိပ်ပိုးနှင့် လောင်မီးပိုးများ နှစ်စဉ် ကျရောက်ပြီး စပါးပင်များကို ကြွက်များ ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄၇) အိမ်ရှိပြီး နွားကောင်ရေ (၂၂၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ (၁) ကောင်၊ အိမ်ထောင်စု (၃၃) အိမ်မှ ဆိတ် (၁၉၇) ကောင်၊ အိမ်ထောင်စု (၅၇) အိမ်မှ ကြက် (၇၂၄) ကောင်၊ အိမ်ထောင်စု (၄) အိမ်မှ ဘဲ (၄၃) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် နွားများ၌ ဝမ်းရောင်ရောဂါနှင့် ခွာနာလျှာနာ ရောဂါများ ဖြစ်လေ့ရှိပါသည်။ ဆိတ်၊ ကြက်၊ ဘဲ တိရိစ္ဆာန်များတွင် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ ဖြည့်ဆည်းလုပ်ဆောင်ရန် လိုအပ်နေပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကုလားကိုင်းကျေးရွာ၏ ကျေးရွာသူကျေးရွာသားများသည် လမ်းဆောက်လုပ်ရေး လုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ခြင်း၊ ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများ၊ ဆိုင်ကယ်ပြင်လုပ်ငန်းများ စသည်ဖြင့် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အခြားလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သော်လည်း ဝင်ငွေရရှိမှု နည်းပါးခြင်း၊ အသေးစား/အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းပညာများ၊ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကုလားကိုင်းကျေးရွာတွင် ကားမောင်းခြင်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၂၆) စီး၊ မော်တော် ဆိုင်ကယ် (၃၄) စီး၊ ကား (၄) စီး၊ နွားလှည်း (၅) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြ ပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၂) လမ်း၊ ကတ္တရာလမ်း (၁) လမ်းနှင့် မြေသားလမ်း (၇) လမ်းရှိပြီး ကွန်ကရစ်လမ်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက် ထားပါသည်။ ကတ္တရာလမ်းမှာ ကျေးရွာချင်းဆက်လမ်းမကြီးဖြစ်ပြီး မိုးရာသီတွင် ရေများ ဝပ်ခြင်းကြောင့် ပျက်စီးနေပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများ ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ရန်ပုံငွေများ ရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့် တင်လိုကြပါသည်။

ကုလားကိုင်းကျေးရွာတွင် ရေပြွန်တံတား (၃) စင်း ရှိကာ လွန်ခဲ့သော တစ်နှစ်အတွင်းက တည်ဆောက်ထားသောကြောင့် သွားလာရ အဆင်ပြေနေပါသည်။ ဖာပွန်-ဘားအံလမ်းမကြီး နှင့် ဆက်သွယ်ထားသော လမ်းပေါ်ရှိ သစ်သားတံတား (၂) စင်းမှာ ရေဝပ်သည့်နေရာတွင် တည်ရှိ၍ သစ်သားများ ဆွေးမြည့်နေသဖြင့် ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု (၈၁) စု ရှိပြီး၊ ဒီဇယ် အင်ဂျင်စနစ်နှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ဖာပွန်မြို့နယ်တွင် မဟာဓာတ်အားလိုင်းမရရှိသေးအတွက် ကျေးရွာတွင် လျှပ်စစ်မီး သုံးစွဲနိုင်ခြင်းမရှိသေးပါ။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကုလားကိုင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၉၁) လုံး၊ ရေဒီယို (၄) လုံး၊ တီဗွီ (၉) လုံး၊ ဂြိုလ်တုစလောင်း (၈) လုံး စသည်တို့မှ ရရှိသည့် အပြင် အမ်ပီတီနှင့် တယ်လီနော ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင် ရှိသဖြင့် ဆက်သွယ်ရေး ဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

**၆။ ပညာရေး**

ကုလားကိုင်းကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး ဖာပွန်မြို့ နှင့် နီးသောကြောင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များကို ဖာပွန်မြို့တွင် ဆက်လက် ပညာသင်ယူကြပါသည်။ ကျေးရွာတွင် တက္ကသိုလ်တက်နေသည့် ကျောင်းသူ (၁) ဦးသာ ရှိပါသည်။ ကုလားကိုင်းကျေးရွာတွင် စာသင်ကျောင်းဆောင် (၂) ဆောင်အား ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တည်ဆောက်ထားပြီး ကုလားကိုင်းကျေးရွာနှင့် ရှမ်းကိုင်းကျေးရွာ၏ ကလေးများ စုပေါင်း၍ ပညာသင်ကြားနေကြပါသည်။ NGO အဖွဲ့အစည်းမှ လှူဒါန်းထား သောကြောင့် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှု ရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုကိုလည်း ကျောင်းသားမိဘများမှ လစဉ် စုပေါင်းတိုက်ကျွေးလေ့ရှိပါသည်။ ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုး တည်ဆောက်လိုကြ ပါသည်။

ကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၁၅.၀၃) ရာခိုင် နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၈.၀၂) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၀.၃) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာ၏ပညာရေးသည် အလွန်အားနည်းပါသည်။

**၇။ ကျန်းမာရေး**

ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေး များအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ အာဟာရပညာပေး အစီအစဉ်များလည်း ဟောပြော ပေးလေ့ရှိပါသည်။ ကုလားကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း

မဲသလွတ်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသပြီး ကုတင်နှင့်ဆေးဝါးများလည်း အလုံအလောက်ရှိပါသည်။ အရေးပေါ်အခြေအနေတွင် ဖာပွန်မြို့နယ်ဆေးရုံကြီးနှင့် ကုတင် (၁၀၀) စစ်ဆေးရုံတို့တွင် ကုသမှုခံယူပြီး လျှပ်စစ်မီး မရရှိသေးသည့်အတွက် အခက်အခဲများ အနည်းငယ် ရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်အများစုသည် သောက်သုံးရေများကို လက်တူးတွင်းများ၌ တုံကင်များတပ်ကာ အသုံးပြုကြပါသည်။ အိမ်ထောင်စု (၅) စုသည် ချောင်းနံဘေးတွင် နေထိုင်သောကြောင့် ချောင်းရေကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုသည် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုကြပြီး အိမ်ထောင် (၂) စုသည် အခြားယင်လုံအိမ်သာများတွင် အသုံးပြုကြပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကုလားကိုင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း လယ်ယာသုံး သွင်းအားစုများလုံး ဝယ်ယူရခြင်း၊ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှု လျော့နည်းပါသည်။ စိုက်ပျိုးမြေချဲ့ထွင်ရန် လိုအပ်သော်လည်း နေရာအများစုမှာ အဖွဲ့အစည်း ပိုင်မြေများ ဖြစ်သည့်အတွက် စိုက်ပျိုးမြေရှားပါး ပါသည်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အားထားပြီး စိုက်ပျိုးကြပါသည်။ အချို့အိမ်ထောင်စုများသည် တောင်ယာစနစ်ကို စိုက်ပျိုး ကြသောကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ် ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာ သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများ ဖြစ်ပွားခြင်း မရှိပေ။

ကုလားကိုင်းကျေးရွာ၏ မြေဆီလွှာအနေအထားသည် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးကာလတွင် လောင်မီးပိုးများ၊ ရွက်လိပ်ပိုးနှင့် ကြွက်များ ဖျက်စီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အသုံးပြုသော်လည်း မိုးများသော ဒေသဖြစ်၍ အခက်အခဲမရှိပါ။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကုလားကိုင်းကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ သိရှိမှု အားနည်းကြ ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - မဲသလွတ် | | | ကျေးရွာအမည် - ကုလားကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၇ | ငွေကြေး | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်သည့် သင်တန်းများ ဖွင့်လှစ်ခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၄၂၅) ပေအား အုတ်မြစ်+ကျောက်တိုင်+သံဇကာဖြင့် ကာရန်ခြင်း။ | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အားကစားကွင်း မြေညှိခြင်း (၃၄၀' x ၂၂၀') | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မိုးတွင်းဘက် ရေကြီးချိန် ကျောင်းအသွားအပြန် စက်လှေ (၁) စင်းရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၁ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်း ကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန်စီစဉ်ပေးခြင်း။ | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာပတ်လမ်း (၁) ကျောက်ရောမြေသားလမ်း (၇၀၀' x ၁၂' x ၆") အား | |

| ကျေးရွာအုပ်စုအမည် - မဲသလွတ် | | | ကျေးရွာအမည် - ကုလားကိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာပတ်လမ်း (၂) ကျောက်ရောမြေသားလမ်း (၄၅၀' x ၁၂' x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့် မြှင့်တင်ခြင်း။ | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းသွယ် (၁) မြေသားလမ်း (၄၇၀'x ၁၂'x ၆") အားကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းသွယ် (၂) မြေသားလမ်း (၈၂၅'x ၁၂'x ၆") အားကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်းသွယ် (၃) မြေသားလမ်း (၃၈၀'x၁၂'x ၆") အားကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စမ်းချောင်းလမ်း မြေသားလမ်း (၃၅၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သစ်သားတံတားအမှတ် (၁) (၁၀'x ၁၂'x ၈") အား ကွန်ကရစ်တံတား ပြုလုပ်ခြင်း။ | |
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သစ်သားတံတားအမှတ် (၂) (၁၀'x ၁၂'x ၈") အား ကွန်ကရစ်တံတား ပြုလုပ်ခြင်း။ | |
| ၂၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာပတ်လမ်း (၂) ချောင်းနံဘေး မြေထိန်းနံရံ တည်ဆောက်ခြင်း (၂၅၀ ’) | |
| ၂၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၂၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အစည်းအဝေးခန်းအဆောက်အဦ တည်ဆောက်ခြင်း။ | |
| ၂၃ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၂၄ | | | | |
| ၂၅ | | | | |
| ၂၆ | | | | |
| ၂၇ | | | | |
| ၂၈ | | | | |

# ကုလားကိုင်းကျေးရွာ၊ မဲသလွတ် ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်မြင့်ကြိုင် | ဦးကြီးရွှေ | ၃/ဖပန(နိုင်) ၀၂၄၉၉၃ | ၃၅ | နာယက | ၀၉-၄၀၄၁၈၆၅၀၅၇ |
| ၂ | ဦးကျော်စိုး | ဦးအီဆပ် | ၃/ဖပန(နိုင်) ၀၁၃၅၆၁ | ၅၉ | နာယက | - |
| ၃ | ဦးမာမွတ် | ဦးအီဆပ် | မရှိ | ၅၄ | နာယက | ၀၉-၂၆၁၀၆၂၈၉၇ |
| ၄ | ဦးဌေးနိုင် | ဦးအာဘူ | မရှိ | ၃၈ | နာယက | ၀၉-၄၅၅၅၉၃၉၄၁ |
| ၅ | ဦးသန်းနိုင်ဦး | ဦးစံသင်း | ၃/ကကန(နိုင်) ၀၄၁၅၀၁ | ၄၂ | ဥက္ကဋ္ဌ | ၀၉-၄၅၁၂၉၁၇၀၈ |
| ၆ | ဦးလေးမောင် | ဦးမုနိ | ၃/ဖပန(နိုင်) ၀၀၄၂၇၄ | ၄၈ | အတွင်းရေးမှူး | ၀၉-၂၆၁၀၆၂၈၉၇ |
| ၇ | ဦးထွေးလှ | ဦးမုနိ | ၃/ဖပန(နိုင်) ၀၀၄၅၈၂ | ၄၆ | ဘဏ္ဍာရေးမှူး | ၀၉-၄၀၄၁၈၅၉၇၂ |
| ၈ | ဦးသန်းဇော် | ဦးရွှေဝင်း | ၃/ဖပန(နိုင်) ၀၀၁၄၅၉ | ၅၂ | စာရင်းကိုင် | - |
| ၉ | ဦးစိုးနိုင် | ဦးမောင်ကြီး | ၃/ဖပန(နိုင်) ၁၇၇၃၈၄ | ၃၅ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်အိသန္တာလှိုင် | ကျော်သန်း | မရှိ | ၂၄ | အဖွဲ့ဝင် | - |
| ၁၁ | ဒေါ်ဒိုင်ယာနာ | | မရှိ | | အဖွဲ့ဝင် | |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၇ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၁၃ | ၂၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၃ | ၂၁ | ၅၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၂၆ | ၄၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၈ | ၁၂၃ | ၂၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၉ | ၁၄ |
| **စုစုပေါင်း** | | **၂၀၀** | **၁၉၉** | **၃၉၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | | **၈၂** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာသည် အိမ်ထောင်စု (၈၂) စု၊ လူဦးရေ (၃၉၉) ဦး ရှိပါသည်။ ကုလားကိုင်း ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၃.၅၁%)၊ ၅ နှစ် အောက်ကလေးငယ်အရွယ် (၇.၀၂%)၊ မူလတန်းကျောင်းသားအရွယ် (၁၃.၅၃%)၊ အလယ် တန်း ကျောင်းသားအရွယ် (၁၂.၀၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၀.၄၀%)၊ သက်ကြီးအရွယ် (၃.၅၁%) ရှိပါသည်။ အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃.၅၁ )% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၁၈) ဦး၊ မ (၁၂၃) ဦး စုစုပေါင်း (၂၄၁) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၀.၄၀)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့ နည်းနေသော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ယာမြေ | ၇ | သင့် | | |
| ဥယျာဉ်ခြံမြေ | - | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| ကိုင်း/ကျွန်းမြေ | ၃၁.၃၈ | သင့် | ရ | မြေအောက်ရေ |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| သစ်တောမြေ | - | | | |
| **စုစုပေါင်း** | **၄၆.၃၈** | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ ရေရှိသည့် အရင်းအမြစ်အမျိုးအစား- ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် လယ် (၈) ဧက၊ တောင်ယာ(၇) ဧကနှင့် ကိုင်း/ကျွန်းမြေ (၃၁.၃၈) ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဂ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | - |
| ဓာတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | မရှိ | - |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့ အတွက် အသုံးဝင်သော) | မရှိ | - |
| ပျှမ်းမျှအပူချိန် – ၃၅ °C | ပျှမ်းမျှ မိုးရေချိန် – ၇၆-၉၁ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် ကျောက်၊ သဲနှင့် ကျောက်စရစ်များ အများဆုံးတွေ့ရှိရပြီး အလွယ်တကူ ဂယ်ယူအသုံးချနိုင်ပါသည်။ သစ်တောပြုန်းတီးမှုကြောင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များနှင့် အပင်မျိုးစိတ်များကို မတွေ့ရှိရပါ။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဂေါပက | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဂေါပကအဖွဲ့သည် ဘာသာရေးကို ဂရုတစိုက် အလေးထားဆောင်ရွက် လျက်ရှိပါသည်။ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၃ | အရန် မီးသတ် | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | |
| ၄ | ကြက်ခြေနီ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | ကာလသား | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | ကာလသမီး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ကုလားကိုင်းကျေးရွာ၏ ဂေါပကအဖွဲ့သည် ဘာသာရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အစဉ်အလာအရ ဘာသာရေးပွဲတော်များကိုလည်း အားသက်သရော လုပ်ဆောင်

နေကြပါသည်။ ရပ်မိရပ်ဖအဖွဲ့အစည်းတွင် အမျိုးသမီးများကို ထည့်ဝင်ထားခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းကြပါသည်။ အရန်မီးသတ်အဖွဲ့သည် ကျား (၈) ဦးနှင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ လုံခြုံရေးတာဝန်များကို ဂရုတစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကြက်ခြေနီအဖွဲ့သည် လူဦးရေ (၂) ဦး ဖွဲ့စည်းထားရှိပြီး အရေးပေါ် အခြေအနေများ ရှိမှသာလျှင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကာလသားနှင့် ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင့်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ ဧကအောက် | မရှိ | မရှိ | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ ဝါးအိမ်၊ဓနိမိုး | ဝါးကာ၊ ဓနိမိုး ပျဉ်ခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ သဲစုပ်စက်၊ လက်တွန်း ထွန်စက် | ဆိုင်ကယ်၊ မုန့်ကြိတ်စက် | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ဈေးဆိုင်၊ စပါး စားသောက်ဆိုင် | စပါး၊ ဈေးသည် | ဈေးသည် ကြုံရာကျပန်း | မရှိ |
| **အိမ်ထောင်စု** | **၇** | **၂၉** | **၃၇** | **၉** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် အဆင့်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များ ရောင်းချခြင်း၊ ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ဆောင်နေကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် အခြားမိသားစုများ၏ စောင့်ရှောက်မှုကိုယူကာ နေထိုင်ကြပါသည်။

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၃ | ၇၆.၈ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၁၃ | ၁၅.၉ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂ | ၂.၄ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ ဟတ်တာထိ) | ၄ | ၄.၉ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧက အထက် (၅ ဟတ်တာနှင့် အထက်) | - | ဝ% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၈၂ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် လယ်ယာပိုင်ဆိုင်သည့် အိမ်ထောင်စုပေါင်း (၁၉) စု ရှိပြီး တစ်အိမ်ထောင်လျှင် (၁) ဧကမှ (၅) ဧက အထိသာ ပိုင်ဆိုင်ကြသည်။ မြေယာမဲ့ အိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး တပ်ပိုင်လယ်ယာမြေများကို ငှားရမ်းလုပ်ကိုင်ခြင်းနှင့် အခြားလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၈ | တင်း | ၄၀ | ၆၀ | ၅၀ | နည်း |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကုလားကိုင်းကျေးရွာ၏ စိုက်ပျိုးရေးကို လုပ်ကိုင်နေသော အိမ်ထောင်စုများသည် လယ်ယာသုံးစက်ကိရိယာများ၊ အလုပ်သမားများ ငှားရမ်းရခြင်းကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါသည်။ လယ်ယာမြေငှားရမ်း လုပ်ကိုင်ရာတွင်လည်း ပေးချေရသော အဖိုးအခသည် တစ်နှစ်ထက်တစ်နှစ် အခကြေးငွေများလာပါသည်။

### (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄၇ | ၂၂၃ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| နို့စားနွား | - | - |
| ကျွဲ | ၁ | ၁ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၃၃ | ၁၉၇ |
| သိုး | - | - |
| ဝက် | - | - |
| ကြက် | ၅၇ | ၇၂၄ |
| ဘဲ | ၄ | ၄၃ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် နွား၊ ကျွဲ၊ ဆိတ်၊ ကြက်၊ ဘဲ စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် ယွန်းစလင်းချောင်း ရှိသောကြောင့် ငါးဖမ်းလုပ်ကိုင်သူများ အနည်းငယ်သာ ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အိမ်ထောင်စုများ ရှိနေပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | | ၄ | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | | ၂ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၁ | | ၁၅ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၃ | | ၄ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၂ | | ၂ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၆၁ | | ၁၂၂ | လတ် |
| | **စုစုပေါင်း အသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၈၂** | | **၁၄၉** | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည့် အိမ်ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၄) စုရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စု (၁) စုမှာ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ပြီး အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ အချို့ အိမ်ထောင်စုများသည် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ပို့ဆောင်ရေးလုပ်ငန်းဖြစ်သော ကားမောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်သည့် အိမ်ထောင်စု (၃) စု ရှိပါသည်။ ပညာရေးအနေဖြင့် သင်ကြားရေး လုပ်ကိုင်နေသည့် အိမ်ထောင်စု (၂) စုရှိပြီး ကျေးရွာ၏ ကျန်ရှိသော အိမ်ထောင်စုများသည် အခြားလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ခြင်းဖြင့် မိသားစု စားဝတ်နေရေးအတွက် လုပ်ကိုင်လျက် ရှိပါသည်။

## (၅) အခြေခံအဆောက်အဉီနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေးနှင့် ဈေးကွက်လက်လှမ်းမီမှု

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u> ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာ ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဖာပွန်ဈေး | ဘားအံမြို့မဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☑ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကုလားကိုင်းကျေးရွာသည် ဖာပွန်ဈေးတွင်သာ ကုန်စည်များ ဝယ်ယူရရှိနိုင်ပြီး ဘားအံမြို့မဈေးနှင့်အလှမ်းဝေးသောကြောင့် ပစ္စည်းများအား အလွယ်တကူ ဝယ်ယူ၍ မရနိုင်ပါ။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☑ ၄☑ ၅☑ | ကောင်း☑ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင် ☑ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၂) လမ်း၊ ကတ္တရာလမ်း (၁) လမ်းနှင့် မြေသားလမ်း (၇) လမ်းရှိပြီး ကွန်ကရစ်လမ်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ထားပါသည်။ ကတ္တရာလမ်းမှာ ကျေးရွာချင်းဆက်လမ်းမကြီးဖြစ်ပြီး မိုးရာသီရေများဝပ်ခြင်းကြောင့် ပျက်စီးနေပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | ( ၂ ) စင်း | ကောင်း ☐<br>သင့် ☐<br>ညံ့ ☑ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☑<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ( ၃ ) စင်း | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် ရေပြွန် (၃) စင်းရှိပြီး လွန်ခဲ့သော (၁) နှစ်အတွင်းမှ တည်ဆောက်ထားသောကြောင့် ယခုအချိန်တွင် သွားလာရ အဆင်ပြေနေပါသည်။ ဖာပွန်-ဘားအံ ဖောက်လုပ်ထားသော လမ်းမကြီးနှင့် ကျေးရွာသို့ဆက်သွယ်ထားသော လမ်းပေါ်တွင် တည်ရှိသော သစ်သားတံတား (၂) စင်းသည် ရေဝပ်သည့်နေရာတွင်တည်ရှိရာ သစ်သားများဆွေးမြည့်ပြီး ကားကြီးများ သွားလာရခက်ခဲပါသည်။

## (၅.၄) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | ၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ကုလားကိုင်းကျေးရွာတွင် ရေကြောင်း သယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်း မရှိပါ။

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | ၄ | ၂၆ | ၃၄ | - | - | ၄ | - | ၅ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် ဆိုင်ကယ်၊ စက်ဘီး၊ ကားများဖြင့် သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေကြပါသည်။ စက်လှေများကို တစ်ပိုင်တစ်နိုင်ငါးဖမ်းခြင်း လုပ်ငန်းနှင့် ယွန်းစလင်းချောင်း အနောက်ဘက်ကျေးရွာသို့ သွားရာတွင် အသုံးပြုကြပါသည်။ နွားလှည်းများကို လယ်ယာထုတ်ကုန်များ သယ်ယူရာတွင် အသုံးပြုကြပါသည်။

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၈၁ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၅ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၁ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကုလားကိုင်းကျေးရွာတွင် မဟာဓာတ်အားလိုင်းအား မရရှိသောကြောင့် ဆိုလာစနစ်များကိုသာ အသုံးပြုကြပါသည်။ အိမ်ထောင်စု (၅) စုသည် ဒီဇယ်သုံးမီးစက်များကို လည်း အသုံးပြုကြပါသည်။ ကျေးရွာတွင် (NGO) အဖွဲ့အစည်းမှ လှူဒါန်းထားသော မီးစက်အား တစ်နှစ် အထိ အသုံးပြုခဲ့ပြီး ဒီဇယ်ဆီကုန်ကျငွေ ထည့်ဝင်နိုင်ခြင်း မရှိသောကြောင့် အသုံးပြုနိုင် ခြင်းမရှိပါ။

## (၅.၇) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၉၀ | ၄ | ၉ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

